# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၉-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၈ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၃၀ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားကြပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၉ ရက်၊

(၂) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၂ ရက်၊

(၄) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၂ ရက်၊

(၅) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၆) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၂ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၂ ရက်၊

(၁၀) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၁၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၁၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၁၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၁၄) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၁၅) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၁၆) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၂ ရက်၊

(၁၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၁၈) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၁၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၂၀) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၁) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၂) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၂၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်နှင့်

(၂၄) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး ယနေ့ ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို လွှတ်တော်အခွင့်အရေးကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးပြီး မေးမြန်းချိန် သုံးမိနစ်၊ ဖြေကြားချိန် သုံးမိနစ်ကို သာမန်အားဖြင့် သတ်မှတ်ခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီနည်းတူပဲ မေးခွန်းများမေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးထားတဲ့ကိုယ်စားလှယ်များထဲက မေးခွန်းတစ်ကြိမ်စီကို ဦးစွာဖော်ပြဆောင်ရွက်ရမယ်ဆိုပြီးတော့ ဒီလိုပဲကျွန်တော်တို့ အစည်းအဝေးဆုံးဖြတ်ထားတာရှိပါတယ်။ သို့ရာတွင် သာမန်အားဖြင့် သုံးမိနစ်မေး၊ သုံးမိနစ်ဖြေဆိုတာမှန်သော်လည်း နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် သိဖို့လိုတယ်၊ အရေးကြီးတယ်ဆိုတဲ့မေးခွန်းနဲ့အဖြေများကိုတော့ လွှတ်တော် ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ အချိန်ကို လွှတ်တော်ဥက္ကဋ္ဌရဲ့ ဆင်ခြင်တုံတရားနဲ့ အချိန်ပိုပေးတာတွေလည်း တွေ့ကောင်းတွေ့ခဲ့မှာဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ မေးခွန်းများမေးတဲ့နေရာမှာလည်း တစ်ဦး တစ်ကြိမ်ကျဦးစားပေးဆောင်ရွက်ပြီး ပြီးတော့မှကျန်တဲ့မေးခွန်းများကို မေးခွင့်ပေးမယ်လို့ ဆုံးဖြတ်ထားသော်လည်း ဒီနေ့လက်တွေ့မှာ ဒီလိုမဟုတ်ဘဲနဲ့ မေးခွန်းမေးတဲ့သူများဟာ တစ်ကြိမ်မက နှစ်ကြိမ်မက သုံးကြိမ်အထိရောက်ရှိလာတာကို တွေ့မှာဖြစ်ပါတယ်။ ဒါ့ဘာကြောင့်လဲ

ဆိုရင် ဒီနေ့မေးခွန်းတွေ အားလုံးမေးလို့ ဖြေလို့ပြီးတဲ့အချိန်မှာ စုစုပေါင်း ဒီတစ်ပတ် ဒသမအကြိမ် လွှတ်တော်မှာ မေးခွန်း ၁၀၀ ကိုမေးမြန်းဖြေကြားပြီး ဖြစ်ပါတယ်။ အဲ့ဒီတိုင်းပဲ အစိုးရအဖွဲ့ကိုပေးထားတဲ့ မေးခွန်းတွေထဲက ကျွန်တော်တို့ လွှတ်တော်မှာ ရောက်ရှိနေတဲ့၊ ကျန်ရှိနေတဲ့ မေးခွန်း ၂၃ ခုရှိပါတယ်။ အသင်းမဖြစ်တဲ့မေးခွန်း၊ သဘောကတော့ဘာလဲဆိုရင် အစိုးရအဖွဲ့ရုံးကိုပေးပို့ထားတဲ့ အစိုးရအဖွဲ့ရုံးက ပြန်ကြားခြင်းမရှိသေးတဲ့ မေးခွန်းပေါင်း ၁၉၂ ခုရှိပါတယ်။ တစ်ခါဆက်လက်ပြီးတော့ မေးခွန်းတွေပို့တာလည်း ဒီနေ့လက်ထဲမှာ ၁၂ ခုရှိပါတယ်။ အားလုံးပေါင်း ဒီတစ်ပတ်ကြယ်ပွင့်ပြမေးခွန်း ယနေ့အထိ စုစုပေါင်း ၃၂၇ ခုရှိပြီဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ သာမန်အားဖြင့် သုံးမိနစ်ဆိုတဲ့ အချိန်ကိုကန့်သတ် ဆောင်ရွက်မှသာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို မှန်မှန်ကန်ကန် မျှမျှတတရောက်မှာဖြစ်တယ်ဆိုတဲ့အကြောင်းလည်း အားလုံးနားလည်ပေးဖို့လိုပါတယ်။ မေးခွန်းမေးမြန်းတဲ့အခါမှာလည်း မလိုအပ်သောအချိန်ကြန့်ကြာမှုများဆောင်ရွက်တဲ့အတွက် တချို့ကျွန်တော်ဒီမှာမှတ်တမ်းပြန်ကြည့်ပါတယ်။ စကားချီးနေလိုက်တာနဲ့ ကျွန်တော်တို့က စက္ကန့် ၄၀ လောက်ကုန်သွားတာတွေလည်းရှိပါတယ်။ အဲ့တော့မလိုဘဲနဲ့ အချိန်မကုန်ရအောင် ဆက်လက်ဆောင်ရွက်ဖို့လိုသလို ကျွန်တော်တို့ သာမန်အားဖြင့် သုံးမိနစ်မေး၊ သုံးမိနစ်ဖြေဆိုတာတဲ့နေရာမှာ သာမန်အားဖြင့် ဆောင်ရွက်လို့ရပေမယ့် တချို့နိုင်ငံနဲ့ နိုင်ငံအတွက်အရေးကြီးတဲ့ မနေ့ကမေးခွန်းမျိုးတွေ၊ အဖြေမျိုးဆိုရင် ကျွန်တော်တို့က ၁၅ မိနစ်၊ မိနစ် ၂၀ အထိ ရောက်သွားတာကိုလည်း ခွင့်ပြုပေးရမယ့် အနေအထားရှိပါတယ်။ တစ်ခါ တစ်ကြိမ်တစ်ဦး ဦးစားပေးမယ်ဆိုပေမယ့် ဒီနေ့နှစ်ကြိမ်၊ သုံးကြိမ်ထိ ရောက်ရှိလာခြင်းဟာလည်း ကျွန်တော်တို့ ဖြေဖို့အတွက် အသင့်ဖြစ်တဲ့ မေးခွန်းထဲကမှ ရွေးချယ်စုလိုက်တာ ဒီဟာမှတစ်ပါး အခြားလုပ်စရာမရှိတဲ့အတွက်ဖြစ်ကြောင်းလည်း အသိပေးတင်ပြချင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီနေ့တတ်ရောက်လာကြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက တကယ်လို့များ မိမိတို့ထံကို မေးဖို့မေးခွန်းတွေ ရောက်နေတယ်ဆိုလို့ရှိရင် လွှတ်တော်ကိုပြန်ပြီးတော့ အမြန်ဆုံး ဖြေကြားနိုင်ဖို့လည်း ဆောင်ရွက်ပေးပါ။ လက်ရှိ ၁၉၂ ခုဟာ မေးထားပြီးတော့ အခုထိဖြေရန် အသင့်မဖြစ်ကြောင်း ဖြစ်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ကဝမြို့နယ်ရှိ သက္ကလကျေးရွာဈေးအား ဈေးရုံပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။ ဦးဝင်းစိန်သည် ဘယ်နှကြိမ်မေးပြီးပြီဆိုတာလည်း ဒါအားလုံးသိမှာ ဖြစ်ပါတယ်။ ဦးဝင်းစိန်ကို အခွင့်အရေးပေးထားခြင်းမဟုတ်ပါဘူး။ ဖြေတဲ့အဖြေနဲ့ပတ်သက်ပြီးတော့ ရောက်ရှိလာတဲ့ပေါ်မူတည်ပြီးတော့ ဦးဝင်းစိန်ကို ဒီလို ပေးရခြင်းဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိ သက္ကလကျေးရွာသည် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် သက္ကလမြို့အဖြစ် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း တစ်မိုင်ခင်းပြီးလည်း ဖြစ်ပါတယ်။ သက္ကလကို မြို့အဆင့်တည်ဆောက်တဲ့နေရာမှာ သက္ကလက ယခင်ကဈေးရုံရှိခဲ့ပါတယ်။ ဈေးရုံက ပြိုပျက်စီးသွားသည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်သော်လည်း ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိပါဘူး။ ဒါ့ကြောင့်မို့လို့ မြို့အဆင့်နှင့် လျော်ညီစွာဈေးကို ပြန်လည်တည်ဆောက်ပေးပါရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ သက္ကလဈေးရုံအား အသစ်ပြန်လည်တည်ဆောက်ပေးပါရန် တင်ပြအပ်ပါတယ်။ အဲ့လိုဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်လည်း ဘယ်တော့ဆောင်ရွက်ပေးမယ်ဆိုတာကို မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်သူလယ်သမားနေ့ကို မတ်လ(၂)ရက်နေ့အစား တောင်သူလယ်သမားများနှင့် သက်ဆိုင်သောနေ့တစ်နေ့ကို ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။ ပြည်သူတို့က ဒီမိုကရေစီနည်းအရ တရားဝင်ရွေးကောက်တင်မြှောက်ခဲ့သော ပြည်ထောင်စုအစိုးရ၊ ပြည်သူ့ လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ ပေါ်ပေါက်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်

**မူကြမ်း**

နေ့မှာ ဖက်ဒရယ်မူတောင်းဆိုမှုကြောင့် တိုင်းပြည်ချောက်ထဲကျတော့မည်ဟူသော အကြောင်းပြချက်ဖြင့် တပ်မတော်က အာဏာသိမ်းခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ကိုလည်း ဖျက်သိမ်းခဲ့ပါတယ်။ ထိုနေ့က မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဒီမိုကရေစီ စတင်ဆိတ်သုဉ်းတဲ့နေ့၊ လူ့အခွင့်အရေးစတင်ဆုံးရှုံးတဲ့နေ့၊ အာဏာရှင်စနစ်အောက် စတင်ပြားပြားမှောက်ခဲ့ကြတဲ့နေ့၊ အာဏာရှင်မျိုးဆက်များကို စတင်မွေးဖွားပေးတဲ့နေ့ ဖြစ်ခဲ့ပါတယ်။ ထိုသို့သောနေ့ကို ဖုံးကွယ်ပြီး မြန်မာ့နိုင်ငံရေးသမိုင်းမှာ တောင်သူလယ်သမားနေ့လို့ မသတ်မှတ်သင့်ပါ။ ဒီလိုသတ်မှတ်ထားခြင်းကိုလည်း တောင်သူလယ်သမားအများစုက လက်မခံနိုင်ကြပါ။ တောင်သူလယ်သမားများဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်များဖြစ်ကြပါတယ်။ တောင်သူလယ်သမားများကို ဂုဏ်ပြုတဲ့အနေနဲ့ တောင်သူလယ်သမားနေ့ကို သတ်မှတ်မယ်ဆိုရင်လည်း တောင်သူလယ်သမားများနဲ့ သက်ဆိုင်တဲ့ တောင်သူလယ်သမားများက တန်ဖိုးထားတဲ့ တောင်သူလယ်သမားများကို ကိုယ်စားပြုတဲ့ နေ့တစ်နေ့နေ့ကိုသာ တောင်သူလယ်သမားများရဲ့ ဆန္ဒနှင့်အညီ ရွေးချယ်သတ်မှတ်သင့်ပါတယ်။ နယ်ချဲ့အစိုးရကို အံတုတော်လှန်ခဲ့တဲ့ လယ်သမားခေါင်းဆောင်ကြီး ဆရာစံနှင့်ပတ်သက်သောနေ့များ ရှိပါတယ်။ ၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီခရိုင်မှစတင်ပြီး နယ်ချဲ့အစိုးရကို တော်လှန်ခဲ့တဲ့ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ ၁၉၃၁ ခုနှစ်မှာ ရှမ်းပြည်နယ်၊ နောင်ချိုမြို့၌ နယ်ချဲ့တို့ရဲ့ဖမ်းဆီးခြင်းကိုခံရတဲ့ ဩဂုတ်လ ၂ ရက်နေ့ သာယာဝတီထောင်၌ လယ်သမားခေါင်းဆောင်ကြီး ဆရာစံကြိုးပေးကွပ်မျက်ခြင်းခံရတဲ့ ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ နေ့တို့ ရှိကြပါတယ်။ ဒါမှမဟုတ် တောင်သူလယ်သမားများရဲ့ အောင်ပွဲရတဲ့ ဖားရွှေကျော်တိုက်ပွဲလည်း ရှိပါတယ်။ ထိုနေ့များကို တစ်ရက်ရက်သတ်မှတ်လျှင် တောင်သူလယ်သမားတို့ သတ်မှတ်ခြင်းက ပိုမိုဆီလျော်ပြီး သင့်တော်မှုရှိမယ်လို့ ယူဆပါတယ်။ နောက်မျိုးဆက်များအတွက် သမိုင်းရဲ့အမှန်တရားများ မပျောက်ပျက်ရန်ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားခြင်းအား အထက်ဖော်ပြပါ တစ်ရက်ရက်သို့ ပြောင်းလဲသတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် သက္ကလမြို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သက္ကလမြို့မဈေးသည် အလျား ၁၀၂ ပေ၊ အနံ ၄၁ ပေ၊ အမြင့် ၁၀ ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းဈေးဖြစ်၍ မူလဈေးမှာ ဈေးရုံ(က)နှင့် ဈေးရုံ(ခ)တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဈေးရုံ(ခ) မှာ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ ဈေးရုံ(ခ)ရှိ ဆိုင်ခန်း ၄၈ ခန်းအား သွပ်မိုး၊ ကွန်ကရစ်ခင်း လေးခန်းတွဲ နှစ်ဖက်ဖွင့်ပုံစံဖြင့် ကိုယ်ထူကိုထပြန်လည်တည်ဆောက်ပြုပြင်ရန် ဈေးသူ/ဈေးသားများ၊ ဆိုင်ခန်းပိုင်ရှင်များ၊ ဈေးကော်မတီများ၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် အစည်းအဝေးများပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

၎င်းသက္ကလဈေးရုံ(ခ)၊ ဆိုင်ခန်း ၄၈ ခန်း ၈ ပေ၊ ၈ ပေ၊ ၁၀ ပေ အားအသစ်ပြန်လည်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ၃၀.၇၅ သိန်း ကုန်ကျမည်ဖြစ်ပြီး ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့် သာမန်ရငွေကျပ် ၇၆.၂၀၁ သန်းကောက်ခံရရှိခဲ့ပါတယ်။ သာမန်အသုံးစရိတ်ဖြစ်သော ဝန်ထမ်းများ၏ လစာ၊ လုပ်အားခ၊ စရိတ်ချီးမြှင့်ငွေ၊ ပင်စင်လစာနှင့် ဌာနဆိုင်ရာများသို့ ပေးချေရသည့် အသုံးစရိတ်များအတွက် ငွေကျပ် ၃၄.၃၉၆ သန်း ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် ငွေကျပ် ၄၀.၂၈ သန်း သုံးစွဲခဲ့ပါသဖြင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောအခါ ငွေကျပ် ၁.၅၂၅ သန်း သာကျန်ရှိခဲ့ပါတယ်။

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့် သာမန်ရငွေ ကျပ် ၇၉.၈၀ သန်း ကောက်ခံရန် လျာထားခဲ့ပြီး သာမန်အသုံးစရိတ်များဖြစ်သည့် ဝန်ထမ်းများ လစာ၊ လုပ်အားခ၊ စရိတ်၊ ချီးမြှင့်ငွေ၊ ပင်စင်လစာနှင့် ဌာနဆိုင်ရာများသို့ ပေးချေရသည့်

အသုံးစရိတ်များ၊ အခြားအသုံးစရိတ်များအတွက် ငွေကျပ် ၃၈.၄၆ သန်း လျာထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်များအတွက် ငွေကျပ် ၃၉.၉၀ သန်း လျာထားခဲ့ပြီး ဖြစ်ပါတယ်။

ရရှိလျာထားငွေများအပေါ်အခြေခံ၍ ဈေးသူ/ဈေးသားများ၏ ကိုယ်ပိုင်ထည့်ဝင်ငွေရှိမှ သာလျှင် သက္ကလမြို့ဈေးရုံအား အသစ်ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ စည်ပင်သာယာ အသုံးစရိတ်များအတွက် နိုင်ငံတော်ထောက်ပံ့ငွေမရရှိနိုင်ပါသဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်နိုင်ရေး ဈေးသူ/ဈေးသားများသို့ စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ်နဲ့ ပုဂံခေတ်မတိုင်မီကတည်းက စတင်ပြီး နှစ်ပေါင်းထောင်ချီ ရပ်တည်လာနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တော့ လက်ရှိမှာလည်း မြန်မာနိုင်ငံရဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်နေသူများဖြစ်လို့ တောင်သူလယ်သမားများဟာ နိုင်ငံအတွက်အရေးပါသူများ ဖြစ်ကြပါတယ်။ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ဆရာစံဦးဆောင်ပြီး တောင်သူ လယ်သမားအရေးတော်ပုံ စတင်ပေါ်ပေါက်ခဲ့ပေမယ့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ၁၉၆၁ ခုနှစ်ထိ တောင်သူလယ်သမားနေ့ကို ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ တော်လှန်ရေးကောင်စီ လက်ထက် ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်မှာ တောင်သူလယ်သမား၊ အလုပ်သမားခေါင်းပုံဖြတ်ခံဘဝမှ လွတ်မြောက်စေရန် ရည်ရွယ်ပြီးတော့ ဆိုရှယ်လစ်လူ့ဘောင်သစ်ကို တောင်သူလယ်သမား၊ အလုပ် သမားများရဲ့ အင်အားများဖြင့် တည်ဆောက်မယ်လို့ မူဝါဒသဘောထား ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၎င်း မူဝါဒပေါ်အခြေခံပြီး တောင်သူလယ်သမား စည်းလုံးညီညွတ်မှုရရှိစေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်း တစ်လျှောက်လုံးမှာ ပါဝင်ခဲ့သူများ ဖြစ်တဲ့အတွက်ကြောင့် ဂုဏ်ပြုတဲ့အနေဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများရဲ့ နှီးနှော

ဖလှယ်ပွဲအခမ်းအနားများကို ကျင်းပပေးခဲ့ရာမှ တောင်သူလယ်သမားနေ့ ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများကို ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ အုန်းတောမှာလည်းကောင်း၊ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ဒူးယားတွင်လည်းကောင်း၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ပုပ္ပါးတွင်လည်းကောင်း အသီးသီးကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒီလို တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများကို တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစတင်ပြီးတော့ နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီတို့တွင် ကျင်းပပေးခဲ့ပေမယ့် ၁၉၆၄ ခုနှစ် ကျင်းပတဲ့ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲမှာ တက်ရောက်လာကြတဲ့ တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများကနေပြီးတော့ ဇန်နဝါရီလဟာ တောင်သူလယ်သမားများရဲ့ လယ်ယာသီးနှံများ ရိတ်သိမ်းချိန်နှင့်တိုက်ဆိုင်နေခြင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ ပွင့်လင်းရာသီကာလဖြစ်တဲ့အတွက် တောင်သူလယ်သမားများအတွက် လယ်ယာသီးနှံများ ရိတ်သိမ်းပြီးတော့ အနည်းငယ်အားလပ်ချိန်ဖြစ်တဲ့ သင့်လျော်ကောင်းမွန်တဲ့ မတ်လ ၂ ရက်နေ့မှာ ပြောင်းလဲကျင်းပသင့်ကြောင်း တညီတညွတ်တည်း တင်ပြခဲ့ရာမှ ၁၉၆၅ ခုနှစ်မှစတင်၍ မတ်လ ၂ ရက်နေ့သို့ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နှစ်ပေါင်း ၅၉ နှစ်ကျော်ကြာ တောင်သူလယ်သမားများကို ဂုဏ်ပြုကျင်းပပေးခဲ့တဲ့ မတ်လ ၂ ရက်နေ့အစား အခြားနေ့တစ်နေ့သို့ ပြောင်းလဲကျင်းပရန် အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်ကြားအပ်ပါတယ်။ (သြဘာသံများ)

**အမှုသည်များ နေပြည်တော်သို့လာရောက်၍ တရားရင်ဆိုင်ရာ၌ စရိတ်စကကြီးမားသည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးသိတဲ့အတိုင်းပဲ နေပြည်တော်ကို မြန်မာနိုင်ငံရဲ့မြို့တော်အဖြစ် ပြောင်းရွှေ့ပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုတရားရုံးချုပ်အပါအဝင် အစိုးရရုံးစိုက်တဲ့မြို့တော်ဟာ နေပြည်တော်ဖြစ်လာခဲ့ပါတယ်။ သို့သော် ဒီနေ့ နေပြည်တော်ကို တရားရုံးတွေ

မှာအမှုလာရင်ဆိုင်ရတဲ့ အထူးသဖြင့် ပြည်ထောင်စုတရားရုံးချုပ်အထိ အဆင့်ဆင့်အယူခံမှု၊ ပြင်ဆင်မှု၊ စာချွန်လွှာများနဲ့တက်ရောက်လာတဲ့ တော်တော်များများသောအမှုသည်တွေဟာ ချမ်းသာတဲ့ပုဂ္ဂိုလ်များ မဟုတ်ပါဘူး။ ဆင်းရဲတဲ့လူတွေ၊ လူလတ်တန်းစားတွေဆိုရင် နေပြည်တော်လာရတဲ့ ခရီးစရိတ်၊ တည်းခိုဖို့၊ တကယ်လက်တွေ့မှာ ပြဿနာကြီးမားပြီးတော့ ဝန်ထုပ်ဝန်းပိုးဖြစ်နေပါတယ်။ အဲ့ဒီအခြေအနေတွေကြောင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၀ မှာလည်း ပြည်ထောင်စုတရားရုံးချုပ်ဟာ နေပြည်တော်မှာရုံးထိုင်ပြီးတော့ အခြားသင့်တော်ရာဒေသတွေမှာလည်း ရုံးထိုင်နိုင်တယ်ဆိုပြီးတော့ ပုဒ်မ ၁၀ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ဟိုးအရင်ကလည်း ဒီမတိုင်ခင်က တရားရုံးချုပ်ဟာ ရန်ကုန်မှာရှိသလို အထက်မြန်မာပြည်မှာလည်း မန္တလေးရုံးခွဲရှိပါတယ်။ ဒါကြောင့် အခု ဖြစ်ပျက်နေတဲ့ ပြည်သူလူထုရဲ့ဘဝအခြေအနေ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၀ ပြဋ္ဌာန်းချက်များကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခွဲ (အထက်မြန်မာပြည်)အား မန္တလေးမြို့တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခွဲ (အောက်မြန်မာပြည်)အား ရန်ကုန်မြို့တွင်လည်းကောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက ဘယ်အချိန်မှာအကောင်အထည်ဖော်မလဲ။ အစီအစဉ်မရှိပါက ဘာကြောင့်လဲဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါလို့ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၀ မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ နောက်ဆုံးအဆင့် အယူခံမှု၊ ပြင်ဆင်မှုများကို နေပြည်တော်မှာရှိတဲ့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လာရောက်ပြီး တရားရင်ဆိုင်ကြရပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ အစိုးရအဖွဲ့ရုံးစိုက်ရာဒေသဖြစ်တဲ့ နေပြည်တော်မှာ ရုံးထိုင်ခြင်းသာလျှင် သင့်တော်ပါတယ်။ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်လွှတ်တော်များ ရုံးထိုင်ရာဒေသများသို့ သွားရောက်ရုံးထိုင်ရန်လည်း လိုအပ်မယ်မဟုတ်ပါဘူး။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ ရုံးထိုင်မယ်ဆိုပါက အခြားဝေးလံတဲ့ဒေသများမှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်ရုံးထိုင်ပါပေးရန် တောင်းဆိုမှုများရှိလာနိုင်ပါတယ်။ သာမန်အားဖြင့်တော့ အမှုသည်များဟာ တရားရုံးစိုက်ရာဒေသရှိ တရားရုံးသို့ လာရောက်ပြီးတော့ တရားရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ အခြားဝန်ကြီးဌာန၊ ဗဟိုအဆင့်အဖွဲ့အစည်းများကဲ့သို့ပဲ နေပြည်တော်မှာ ရုံးထိုင်ရန်ဖြစ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခွဲ(အထက်မြန်မာပြည်)အား မန္တလေးမြို့မှာလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခွဲ(အောက်မြန်မာပြည်)အား ရန်ကုန်မြို့မှာလည်းကောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၀ မှာ ပြည်ထောင်စုတရားရုံးချုပ်က နေပြည်တော်မှာပဲရုံးထိုင်ရမယ်လို့ ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ သင့်လျော်ရာဒေသတစ်ခုခုတွင် ရုံးထိုင်နိုင်တယ်ဆိုတဲ့အတွက် နောင်အခြေအနေပေးရင် ရန်ကုန်၊ မန္တလေးတင်မကပါဘူး။ တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ရုံးထိုင်နိုင်အောင် ပုဒ်မ ၁၀ ပြဋ္ဌာန်းချက်အရ နည်းလမ်းရှာဖွေဖို့လိုအပ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ပြည်သူလူထုရဲ့လိုအပ်ချက်၊ ပြည်သူလူထုအကျိုးစီးပွားကို အလေးထားခြင်းဟာ ကျွန်တော်တို့ တရားစီရင်ရေးရဲ့ အမြင့်ဆုံးမူတွေဖြစ်တဲ့အတွက် ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်ကို သင့်လျော်ရာဒေသမှာရုံးထိုင်နိုင်ဖို့ နည်းလမ်းများကို တရားရုံးချုပ်က ဒီ ၂၀၁၅ ခုနှစ်အတွင်း နည်းလမ်းရှာဖွေနိုင်မှုရှိ/မရှိသိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၀ မှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ဟာ နေပြည်တော်မှာ ရုံးထိုင်ရမယ်။ လိုအပ်မယ်ဆိုလို့ရှိရင်တော့ အခြားဒေသတွေမှာလည်း ရုံးထိုင်နိုင်တယ်လို့ ပြဋ္ဌာန်းထားတာမှန်ပါတယ်။ အဲ့ဒီတော့ သာမန်အားဖြင့်တော့ ပြည်ထောင်စုတရားလွှတ်တော်

ချုပ်ဟာ နေပြည်တော်မှာပဲ ရုံးထိုင်ဖို့ဖြစ်ပါတယ်။ လိုအပ်လာမယ့်အခါများမှာဆိုရင်တော့ အခြားဒေသတွေမှာ သွားရောက်ရုံးထိုင်နိုင်တယ်လို့ ခြွင်းချက်အနေနဲ့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အရင် ကျွန်တော်တို့ တရားရုံးချုပ်ခေတ်က တရားရုံးချုပ်ကို ရန်ကုန်မြို့မှာ ရုံးထိုင်ခဲ့ပါတယ်။ ရုံးထိုင်ပြီးတော့ မန္တလေးမှာ တရားရုံးချုပ်(ရုံးခွဲ)အနေနဲ့ ရုံးထိုင်ခဲ့တာ ရှိခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းကတော့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ မြို့တော်ဟာ ရန်ကုန်မှာဖြစ်တဲ့အတွက် တရားရုံးချုပ်ဟာ ရန်ကုန်မှာရုံးထိုင်ရခြင်းဖြစ်ပါတယ်။ ရုံးထိုင်တဲ့အခါကြတော့ ရန်ကုန်မြို့ရဲ့တည်နေရာဟာဆိုလို့ရှိရင် အောက်မြန်မာပြည်မှာ ကျရောက်နေတဲ့အတွက် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်ကဲ့သို့ နေရာများနဲ့ဆိုလို့ရှိရင် အလွန်တရာဝေးလံတဲ့ဒေသဖြစ်တဲ့အတွက် အမှုသည်များ သွားရေး၊ လာရေးလွယ်ကူအောင်ဆိုပြီးတော့ မန္တလေးမှာ ရုံးခွဲအနေနဲ့ ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ နေပြည်တော်မှာ ရုံးထိုင်တဲ့အတွက် နေပြည်တော်ဒေသဟာဆိုလို့ရှိရင် မြန်မာပြည်ရဲ့ အလယ်ဗဟိုဒေသဖြစ်နေတဲ့အတွက် တိုင်းနဲ့ ပြည်နယ်အားလုံး အလွယ်တကူသွားလာနိုင်တဲ့ဒေသ ဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့် သာမန်အားဖြင့် ကျွန်တော်တို့ နေပြည်တော်မှာ ရုံးထိုင်ခြင်းဟာ အမှုသည်များအားလုံးအတွက် မြန်မာပြည်တစ်နံတစ်လျားမှာရှိတဲ့ ဟိုး ချင်း၊ ကချင်ပြည်နယ်ကသော်လည်းကောင်း၊ ဟိုးတောင်ဖျား ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး စသည်အားဖြင့်သော်လည်းကောင်း အလွယ်တကူအညီအမျှ အကွာအဝေး အညီအမျှ လာရောက်နိုင်တဲ့ ဒေသဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ နေပြည်တော်မှာ ရုံးထိုင်တာဟာ သင့်တော်ခြင်းရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမှုသည်များရဲ့အကျိုးကို ကြည့်ပြီးတော့ လောလောဆယ်အားဖြင့်တော့ ဒီနေပြည်တော်မှာပဲ ရုံးထိုင်ရန်သင့်တဲ့အကြောင်း အခြားဒေသသို့ ပြောင်းရွှေ့ရုံးထိုင်ရန် မသင့်သေးကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**လယ်ယာမြေဥပဒေသစ် ပြဋ္ဌာန်းပြီးဖြစ်ပါ၍ လယ်သမားများ ငွေကြေးလိုအပ်ချက်ရှိပါက မြေပေါင်နှံရန်မည်သည့်ဘဏ်ကို သတ်မှတ်ထားသည်၊ အတိုးနှုန်းမည်မျှပေးရမည်၊ မည်သည့်အချိန်တွင် ပေါင်နှံနိုင်သည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး၊

လွှတ်တော်သို့ လေ့လာရေးခရီးကြွရောက်လာကြသော ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်နေတောင်သူလယ်သမားများရဲ့ အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် မေးခွန်းတစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လယ်ယာမြေဥပဒေအသစ် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ထိုလယ်ယာမြေဥပဒေအသစ်တွင် လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ရရှိထားသော လယ်သမားများသည် မိမိတို့၏လယ်ယာမြေကိုရောင်းချခြင်း၊ သတ်မှတ်ထားသော ဘဏ်များတွင် ပေါင်နှံခြင်း၊ အမွေပေးခြင်း၊ လဲလှယ်ခြင်း၊ အငှားချခြင်း စသည်တို့ကို လုပ်ပိုင်ခွင့်ရှိသည်ဟု သိရပါတယ်။ ယခုအခါ လယ်သမားများအကြောင်းအမျိုးမျိုးကြောင့် ငွေကြေးလိုအပ်ချက်ရှိလာပါက မိမိတို့၏လယ်ယာမြေကို သက်ဆိုင်ရာသတ်မှတ်ထားသောဘဏ်များတွင် အတိုးနှုန်းသက်သာစွာဖြင့် ပေါင်နှံလိုကြပါတယ်။ သို့ပါသော်လည်း ယခုအချိန်အထိ လယ်ယာမြေပေါင်နှံရန် မည်သည့်ဘဏ်ကို သတ်မှတ်ထားသည်၊ အတိုးနှုန်းမည်မျှပေးရမည်။ မည်သည့်အချိန်တွင်စတင်၍ ပေါင်နှံနိုင်သည် စသည်တို့ကို ကျေးလက်နေတောင်သူလယ်သမားများ သိနိုင်ရန်အတွက် မည်သည့်ဌာနကမျှ အကြောင်းကြားခြင်း၊ အသိပေးခြင်းမရှိသေးပါသဖြင့် လယ်သမားများ သိရှိနိုင်ပါရန် မည်သည့်ဌာနက မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ကျေးလက်နေတောင်သူလယ်သမားများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းချက်များမှာ တောင်သူလယ်သမားများ

လက်ရှိလုပ်ကိုင်လျက်ရှိတဲ့ လယ်မြေများကို ပေါင်နှံခြင်းကိစ္စနှင့်ပတ်သက်ပြီး ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(င)နှင့် နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(ခ)၊ ၄၈ နည်းဥပဒေခွဲ(ဂ)တို့မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လယ်ယာမြေပေါင်နှံရာမှာ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(ခ)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းကိုပေးအပ်၍ ပေါင်နှံရန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေအပေါ်မူတည်ပြီး ပထမဦးစားပေးအစီအစဉ်နှင့် ဒုတိယဦးစားပေးအစီအစဉ်များ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ၂-၆-၂၀၁၄ ရက်နေ့အထိ ပုံစံ(၇)ထုတ်ပေးခြင်း စုစုပေါင်းတောင်သူဦးရေ ၅.၁၉ သန်း၏ ဦးပိုင်လုပ်ကွက်ပေါင်း ၈.၆၇ သန်းအရ ရာခိုင်နှုန်းအားဖြင့် ၉၅.၈၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရာနှုန်းပြည့်ပြီးစီးရေးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အချို့တိုင်းဒေသကြီး/ပြည်နယ်တွေမှာ တည်ငြိမ်အေးချမ်းမှု ကန့်သတ်ချက်အပါအဝင် နယ်မြေအတွင်း လုံခြုံရေးပြဿနာများရှိနေသေးကြောင်းတင်ပြချက်များအရ ကြန့်ကြာလျက်ရှိကြောင်း စိစစ်တင်ပြလျက်ရှိကြပါတယ်။ မေးမြန်းထားတဲ့မေးခွန်းအရ လယ်ယာမြေပေါင်နှံရန် မည်သည့်ဘဏ်ကိုသတ်မှတ်ထားသည်နှင့်ပတ်သက်၍ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(င)အရ စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လယ်ယာမြေ ပေါင်နှံရန် သတ်မှတ်ထားတဲ့ဘဏ်နှင့် အတိုးနှုန်းမည်မျှပေးရမည်၊ မည်သည့်အချိန်တွင် စတင်ပေါင်နှံနိုင်သည်ဆိုတဲ့အချက်များကို သက်ဆိုင်ရာဘဏ်များအနေနဲ့ ဘဏ္ဍာရေးငွေကြေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းစည်းမျဉ်းများနှင့်ညီညွတ်စွာနှင့် တောင်သူလယ်သမားများအတွက် သင့်တင့်သက်သာသော အတိုးနှုန်းသတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စအပါအဝင် လယ်မြေအမျိုးအစားအလိုက် ကာလတန်ဖိုးသတ်မှတ်ပြီး၊ တစ်ဧကကို မည်သည့်နှုန်းဖြင့် ပေါင်နှံခွင့်ပြုပေးနိုင်မည် စသည့်ကိစ္စရပ်များကိုမူ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် အစိုးရအဖွဲ့များ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေနဲ့ သက်ဆိုင်ရာပေါင်နှံခွင့်ပြုမည့်ဘဏ်များရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပေါင်ခံတန်ဖိုးသတ်မှတ်ခြင်းလုပ်ငန်းများကို ဒေသအလိုက်ဆီလျော်စွာ ဥပမာ ဆည်ရေသောက်လယ်မြေများ၊ မိုးကောင်းသောက်လယ်ယာမြေများ၊ တောင်ယာလယ်ယာမြေများ၊ မိုးနည်းရေရှားတဲ့ ဒေသလယ်ယာမြေများစသဖြင့် ဒေသရဲ့ထူးခြားတဲ့ရာသီဥတုနဲ့ မြေအတန်းအစားအခြေအနေ

အပေါ်မှာမူတည်၍လည်းကောင်း၊ သီးနှံအထွက်နှုန်းအပေါ်မူတည်၍လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အတိုးနှုန်းနှင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ကို သက်ဆိုင်ရာတိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေနဲ့ သက်ဆိုင်ရာဘဏ် များနှင့် ဒေသအလိုက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာမှ သစ်ပုံချောင်းဝအထိ အရှည် ၅ မိုင်ခန့် ကမ်းပါးမှ ဒီရေ တိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးလျက်ရှိသဖြင့် အမြန်ဆုံးပြုပြင်ထိန်းသိမ်း ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့တင်ပြမှာကတော့ မာန်အောင်ကျွန်းအတွင်း ကမ်းပါးပြိုမှု၊ ပျက်စီးနေမှုကို ပြုပြင်ပေးဖို့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ရေပတ်လည်ဝိုင်းနေသော မြို့တစ်မြို့ဖြစ်ပါတယ်။ မာန်အောင် မြို့နယ်မှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် မျှော်တော်ဦးဓာတ်တော်ဘုရားကစပြီးတော့ ပြားကြီးရွာ၊ သစ်ပုံ ချောင်းအဝအထိ ငါးမိုင်ခန့်အရှည်ကို ဒီရေတိုက်စားပြီးတော့ လေပြင်းတိုက်ခတ်မှုများကြောင့် ကမ်းပါး ပြိုပြီးတော့ နှစ်စဉ်ပျမ်းမျှ ၁၀ ပေကနေပြီးတော့ ပေ ၃၀ အထိ ပြိုကျပျက်စီးလျက်ရှိပါတယ်။ ဤသို့ နှစ်စဉ်ကမ်းပါးပြိုကျမှုကြောင့် နှစ် ၅၀ အတွင်း မြေဧက ၃၀ ခန့် ပျက်စီးပျောက်ကွယ်သွားပြီးတော့ ဒီရေတိုက်စားမှုကြောင့် ဥယျာဉ်ခြံမြေများ လျော့ဆင်းတယ်။ အိမ်ခြေ ၃၀ ခန့်ပြောင်းရွှေ့ပြီးတော့ အိုးမဲ့ အိမ်မဲ့ဘဝရောက်သွားပါတယ်။ နောင်နှစ်များမှာလည်း ယခုကဲ့သို့ ဒီရေတိုက်စားမှုကြောင့် မိုးသက် လေပြင်းနဲ့ မုန်တိုင်းများတိုက်ခတ်ပါက မျှော်တော်ဦးနဲ့ ပြားကြီးရွာသူ/ရွာသားများ အသက်အန္တရာယ် ကိုအထူးစိုးရိမ်ပူပန်လျက်ရှိနေကြပါတယ်။ သို့ပါ၍ အထက်ပါ ရွာကြီးနှစ်ရွာရဲ့ ကမ်းပြိုနေမှု မိုးအများ

ဆုံးပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပခုက္ကူ-မုံရွာမြို့နယ်ချင်းဆက်လမ်းမကြီးရှိ မြောက်ယမားချောင်းတံတားအား သံကူကွန်ကရစ် နှစ်လမ်းသွားအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ကျွန်တော်ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပုသိမ်-မုံရွာကားလမ်းအား ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပုလဲမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မုံရွာမြို့နယ်များမှ ဒေသခံပြည်သူလူထု အသုံးပြုနေတဲ့ လက်ပံတောင်းကျေးရွာအနီး ကံကုန်းကျေးရွာ မြောက်ယမားချောင်းဟာ တောင်နဲ့မြောက်ဖြတ်တောက်ထားတဲ့ တစ်လမ်းသွား ဘီလီတံတားအား နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ဒေသခံများကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါတံတားအား ပြုပြင်တည်ဆောက်ပေးရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှစာဖြင့် လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားခဲ့ပါတယ်။ ယခုဒေသခံများမှ အဆိုပါ တစ်လမ်းသွားတံတားအား နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ကျွန်တော့်အား ထပ်မံတင်ပြပေးရန်တောင်းဆိုလာပါတယ်။ အဆိုပါတံတားအား နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်လိုခြင်းအကြောင်းအရင်းကတော့ ယင်းမာပင်မြို့နယ်သည် ခရိုင်အဆင့် တိုးမြှင့်သွားတဲ့အတွက် ဆားလင်းကြီးမြို့မှယင်းမာပင်ခရိုင်ရုံးသို့ ရုံးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တည်ရှိရာ မုံရွာမြို့သို့ အဆိုပါတံတားလမ်းကို အသုံးပြုသွားလာနေရခြင်း၊ နောက် ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပုလဲမြို့နယ်၊ ဂန့်ဂေါမြို့နယ်မှထွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ဆားလင်းကြီးမြို့နယ်မှထွက်တဲ့ ကုန်ပစ္စည်းများ၊ မုံရွာ-မန္တလေးသို့ ပို့ဆောင်ရာလမ်းအဖြစ် တံတားအားအသုံးပြုနေရခြင်း၊ တစ်လမ်းသွားတံတားမှာ အနံက ၁၀ ပေ ၁၀

လက်မသာရှိသဖြင့် တံတားပေါ်တွင် ယာဉ်နှင့်ဆိုင်ကယ်ရှောင်ရန်နဲ့ မတော်တဆယာဉ်တိုက်ခတ်မှု ဖြစ်စဉ်များဖြစ်ပေါ်ခဲ့ခြင်း၊ အဆိုပါမြို့နယ်များနဲ့ ဆားလင်းကြီးမြို့နယ်မှာ အရေးကြီးလူနာများ မုံရွာမြို့ ဆေးရုံနှင့်မန္တလေးမြို့ ပြည်သူ့ဆေးရုံပို့ရန်အတွက် အဆိုပါတံတားအား အသုံးပြုရခြင်း၊ ပုသိမ်-မုံရွာ ကားလမ်းတစ်လျှောက်နှင့် ဆားလင်းကြီးမြို့နယ်တွင် နောင်အနာဂတ် စီမံကိန်းလုပ်ငန်းယာဉ်ကြီးများ ဖြတ်သန်းနိုင်ရန် အလေးချိန်နှင့် ခိုင်ခံ့မှုရှိရန်လိုအပ်ခြင်း၊ တံတားအပေါ် ပိုင်းသစ်သားခင်း ဘီလီ တံတားဘောင်ဖြစ်သဖြင့် သစ်သားခင်းမှာထိန်းချုပ်တဲ့ သံတွေပြုတ်ပြီးဖြတ်သန်းသွားလာတဲ့ ယာဉ်များ တံတားပေါ်မှ မကြာခဏ ရပ်တန့်ပိတ်ဆို့သည့် ဖြစ်စဉ်ဖြစ်သဖြင့် အရေးကြီးလူနာများ အချိန်နှင့် တစ်ပြေးညီပို့ဆောင်ရန် ကန့်သတ်ချက်ရှိခြင်း၊ တံတားအောက်ခြေ ကွန်ကရစ်တိုင်ဟာ နှစ်လမ်းသွား ကွန်ကရစ်တံတားအပေါ်ထည်အတွက် တည်ဆောက်ရန်ခံနိုင်ရည် ကြိုတင်လျာထားဆောက်ရွက်ထား ကြောင်း ဌာနဆိုင်ရာများနှင့်ဒေသခံများထံမှ ကြားသိရခြင်း၊ သို့ပါ၍ အဆိုပါသစ်သားသံဘောင် တစ်လမ်းသွားဘီလီတံတားအစား သံကူကွန်ကရစ်နှစ်လမ်းသွားတံတားအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်ရန်ပုံငွေ ခွဲဝေလျာထားမှုပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ သို့မှမဟုတ် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေ သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီး ဦးစားပေးဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံ များမှတင်ပြလာပါတယ်။ သို့ပါ၍ အဆိုပါ မြောက်ယမားချောင်းတံတား အလျား ၁၂၈၀ ပေ အနံ ၁၀ ပေ ၁၀ လက်မ တစ်လမ်းသွားဘီလီတံတားအား နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် နိုင်ရန် ဒေသခံများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အုတ်ဖိုကျေးရွာအုပ်စု မင်းရဲရေတမံနှင့်စပ်လျဉ်း၍ ရေတမံ၊ မြောင်းမကြီးနှင့်မြောင်းလက်တံများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အုတ်တွင်းမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စုမှာရှိတဲ့ မင်းရဲရေလှောင်တမံဟာ ၁၉၉၃ ခုနှစ်က စတင်တည် ဆောက်ပြီးတော့ ၁၉၉၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ ဧက ၁၀၀၀ ကျော်အကျိုးပြုတဲ့ ဆည်ဖြစ်ပါတယ်။ ယခုအခါမှာ နုန်းတွေပို့ချမှုကြောင့်မို့လို့ မြောင်းဆည်မကြီးနဲ့ မြောင်းလက်တံများမှာ

ဆိုလို့ရှိရင် တိမ်ကောနေပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ် မင်းရဲရေလှောင်တမံနှင့် မြောင်းမကြီး၊ မြောင်းလက်တံများကိုပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်းဆိုတာ သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ စုပေါင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မာန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ ရေစားကမ်းပြိုနေရာများဖြစ်တဲ့ ဘူးရေမျက်ချောင်း၊ ရေမျက်ဝ၊ ရဲကျွန်းမြောက်ကျေးရွာများအတွက် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေ၌ တင်ပြတောင်းခံပြီးတော့ လုပ်ငန်းများဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွေမှာလည်း အဆိုပါလုပ်ငန်းများအတွက် ဆက်လက်ပြုပြင်ဆောင်ရွက်ရန် ရန်ပုံငွေရရှိထားပြီးလည်းဖြစ်ပါတယ်။ မျှော်တော်ဦးကျေးရွာအုပ်စု ကမ်းပါးပြိုမှုအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတောင်းခံရာမှာ ပါဝင်ခြင်းမရှိသေးသော်လည်းပဲ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ဖြည့်စွက်ရန်ပုံငွေ (RE)မှာ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ယခုလက်ရှိအနေအထားအရ အဆိုပါတံတားမှာ ကြံ့ခိုင်မှု

ရှိပြီးတော့ ယာဉ်သွားလာမှုနည်းပါးနေတဲ့အတွက် ယာဉ်သွားလာမှု တိုးတက်မြင့်မားလာမှုအပေါ် မူတည်ပြီး ဒုတိယ ငါးနှစ်စီမံကိန်းမှာ သံကူကွန်ကရစ် နှစ်လမ်းသွားတံတားအဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရန်ပုံငွေလျာထားတင်ပြပြီးတော့ ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ရဲ့ အနောက်ဘက် ၁.၅ မိုင်အကွာ မင်းရဲကျေးရွာအနီးမှာ မင်းရဲရေလှောင်တမံအား ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၄ ခုနှစ်၊ မေလမှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီးတော့ လက်ရှိနွေစပါးဧက ၃၀၀ နှင့် အခြားသီးနှံဧက ၁၀၀ စုစုပေါင်း ဧက ၄၀၀ အကျိုးပြုလျက်ရှိပါတယ်။ မင်းရဲရေလှောင်တမံရဲ့ မြောင်းမကြီးနှင့်လက်တံမြောင်းတွေဟာ မြောင်းပုံစံကျပြုပြင်ခြင်းနဲ့ သဲနုန်းဆယ်ခြင်းလုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မင်းရဲရေလှောင်တမံဆည်ရေသောက်လုပ်ငန်းစနစ်မှာ နွေးစပါးအောင်မြင်စွာ စိုက်ပျိုးနိုင်ရန်နဲ့ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရန်အတွက် တူးမြောင်းမကြီး သဲနုန်းဆယ်ခြင်းလုပ်ငန်း၊ လက်တံ ၁၊ ၂၊ ၃၊ ၄၊ ၅ သဲနုန်းဆယ်ခြင်းလုပ်ငန်းများနဲ့ အုတ်လိုင်နင်စီခြင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ရေသောက်စနစ်လုပ်ငန်းများဖြစ်တဲ့ တူးမြောင်းမကြီး သဲနုန်းဆယ်ခြင်းလုပ်ငန်း၊ လက်တံနှစ် သဲနုန်းဆယ်ခြင်းနဲ့ ပုံစံကျပြုပြင်ခြင်း၊ လက်တံ ၄ သဲနုန်းဆယ်ခြင်းနဲ့ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများမှာ ၂၀၁၄-၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ BE မှာ ရန်ပုံငွေရရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှာ လုပ်ငန်းများစတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ လက်တံ ၁၊ ၃၊ ၅ သဲနုန်းဆယ်ခြင်းနဲ့ ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ RE မှာ ဆက်လက်တင်ပြတောင်းခံပြီးဖြစ်ပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ၊ မေးမြန်းခြင်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ၃၁-၃-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ရည်ညွှန်း(၁)ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီက ၄-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီး လွှတ်တော်၌ လက်ခံဆွေးနွေးနိုင်ရန် အတည်ပြုပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ တပေါင်းတည်းဆွေးနွေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ရည်ညွှန်း(၂)ပါစာဖြင့် ပြန်လည်ပေးပို့ခဲ့ပါသည်။

**မူကြမ်း**

၃။ ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှစ်ခုကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် ဥပဒေကြမ်းတစ်ခုအဖြစ် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ရည်ညွှန်း(၃)ပါစာဖြင့် ပြန်လည်ပေးပို့လာပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၂-၅-၂၀၁၄ ရက်နေ့၊ ၂၃-၅-၂၀၁၄ ရက်နေ့နှင့် ၁၀-၆-၂၀၁၄ ရက်နေ့များတွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၌ မူလဥပဒေ၏ ပုဒ်မပေါင်း ၃၁ ခု အားပုဒ်မအလိုက် အစားထိုးပြင်ဆင်ခြင်း၊ ပုဒ်မခွဲအလိုက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အခန်းခေါင်းစီးများ ပြင်ဆင်ခြင်းအပါအဝင် ပြင်ဆင်ချက်ပေါင်း ၃၅ ခုပါရှိပါသည်။

(ခ) တည်ဆဲမူရင်းဥပဒေ၌ ပုဒ်မပေါင်း ၄၀ ခု ပါရှိပါသည်။

(ဂ) ပြင်ဆင်သည့်ဥပဒေကြမ်း၌ ပြင်ဆင်ချက်ပေါင်း ၃၅ ခုပါရှိပြီး၊ ပုဒ်မအားဖြင့် ၃၁ ခုကို ပြင်ဆင်ခြင်းဖြစ်ပါသဖြင့် တည်ဆဲဥပဒေပါ ပုဒ်မများ၏ ထက်ဝက်ကျော်ကို ပြင်ဆင်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ယင်းသို့ ပြင်ဆင်ချက်များလွန်းပါက တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များကို ပြည်သူလူထုလွယ်လင့်တကူ လေ့လာသိရှိနိုင်ရန် ခက်ခဲမည်ဖြစ်ပါသည်။

(င) ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုပြီးပါကလည်း လိုက်လျောညီထွေရှိသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်လက်ပြင်ဆင်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

**မူကြမ်း**

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ပြည့်စုံစွာသိရှိနိုင်ရန်အတွက် မူရင်းဥပဒေ၊ ပြင်ဆင်ချက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် မူလဥပဒေပြဋ္ဌာန်းချက်များ၏ ၇၅ ရာခိုင်နှုန်းခန့်ကိုပြင်ဆင်ထားကြောင်း လေ့လာတွေ့ရှိသဖြင့် ဥပဒေရေးထုံးများအရ ပြင်ဆင်သည့်ဥပဒေကြမ်းအဖြစ် ဆောင်ရွက်ခြင်းထက် ဥပဒေအသစ်အဖြစ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းခြင်းက ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာနက မြန်မာ့သတ္တုတွင်းဥပဒေအသစ်အား ပြန်လည်ရေးဆွဲသင့်ပါကြောင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီအစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး မိုက်တောင်းထားတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥပဒေကြမ်းကော်မတီမှ တင်ပြသွားတဲ့ စိစစ်သုံးသပ်ချက်နဲ့ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေကြမ်းကော်မတီက တင်ပြသွားတာကတော့ ဒီဥပဒေဟာ ပြင်ဆင်ချက်တွေ များလွန်းတဲ့အတွက်ကြောင့် အသစ်ပြန်လည်ရေးဆွဲဖို့ဆိုပြီးတော့ တင်ပြသွားပါတယ်။ အဲဒီလို အစီရင် ခံတင်ပြတာကတော့ အရင်တုန်းက တစ်ကြိမ်မှ တစ်ခါမှ မတွေ့ခဲ့ဖူးတဲ့အတွက် ကျွန်တော် အရမ်းအံ့သြမိပါတယ်။ တကယ်တမ်းကတော့ အရင်တုန်းက ဥပဒေမှာ ရှိတာမှ အပိုဒ် ၁၄၀ ပြင်ဆင်ချက် ၁၂၀ ကျော်လည်း ကျွန်တော်တို့ လုပ်ခဲ့ဖူးတာပါပဲ။ အခုချိန်ကျမှ ဒီဟာကို ပြင်ဆင်ချက် ၇၅ ရာခိုင်နှုန်းကျော် လို့အသစ်ပြန်လည်ရေးဆွဲရန်ဆိုတာကတော့ မဖြစ်နိုင်တဲ့အတွက် ကျွန်တော် တင်ပြခွင့်ပြုပါခင်ဗျား။

ဒီဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲတဲ့နေရာမှာ ၇၅ ရာခိုင်နှုန်းပြင်ဆင်တာကျော်သွားတယ်ဆိုတာမှာ အချက်တွေ ကျွန်တော် စိစစ်ကြည့်တဲ့အခါကျတော့ ပထမဆုံးတွေ့ရတဲ့အချက်ကတော့ အရင်တုန်းက သတ္တုလုပ်ငန်းမှာ၊ ကျောက်မျက်လုပ်ငန်းမှာ တွဲထားတာရှိပါတယ်။ အခု ကျောက်မျက်

**မူကြမ်း**

အတွက်ကို ဥပဒေသီးသန့်လုပ်တဲ့အတွက်ကြောင့် မူလရှိထားတဲ့ သတ္တုတွင်းဥပဒေကြီးထဲကနေ ကျောက်မျက်ဥပဒေလေးတွေ ခွဲထုတ်လိုက်ရပါတယ်။ အဲဒါတွေကလည်း အပိုဒ် တော်တော်များပါတယ် ခင်ဗျား။ နောက်တစ်ခါ သတ္တုတွင်းဝန်ကြီးဌာနကနေ တင်ပြလိုက်တဲ့ဥပဒေကြမ်းမှာ စကားလုံးလေး တစ်လုံးပြင်ရင်ပဲ တစ်ပိုဒ်လုံးပြင်သလိုဖြစ်သွားပါတယ်။ လိုအပ်တဲ့ စကားလုံးလေးတစ်လုံးဖြည့် ရင်လည်း တစ်ပိုဒ်လုံးပြင်သလိုဖြစ်သွားပါတယ်။ အဲဒါလည်းတွေ့ရပါတယ်ခင်ဗျား။ နောက်တစ်ခါ ဖွဲ့စည်းပုံဥပဒေနဲ့ညီညွတ်ပါလျက်နဲ့ မညီညွတ်ဘူးထင်လို့ ပြင်တဲ့အချက်ကလေးတွေလည်း အနည်း ငယ်တွေ့ရပါတယ်။ နောက်တစ်ခါ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတွေနဲ့လည်းကိုက်ညီအောင် အနည်းငယ်ပြင်ထားတာလည်း တွေ့ရပါတယ် ခင်ဗျား။ ကျွန်တော်ဆိုလိုချင်တာကတော့ မူရင်းဥပဒေကြီးဟာ ကောင်းမွန်ပါလျက်နဲ့ ခေတ်အခြေအနေ နဲ့ကိုက်ညီအောင်၊ တခြားဥပဒေတွေနဲ့ကိုက်ညီအောင် လိုအပ်ချက်ကလေးတွေ အနည်းအပါးပြင်လိုက် တာနဲ့ မူရင်းဥပဒေကြီးရဲ့အနှစ်သာရကိုလည်း လုံးဝမထိခိုက်ပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော့် အနေနဲ့ ယုံကြည်တာကတော့ တကယ်တမ်းက ဒီမှာပြန်ကြည့်လိုက်ရင် တချို့မလိုအပ်တဲ့ဟာလေးတွေ မပြင်ဆင်ဘဲနဲ့ မူရင်းဥပဒေအတိုင်း ထားရင်ကိုပဲ ဘာကိုမှ မူရင်းဥပဒေကြီးရဲ့ အနှစ်သာရလည်း မပြောင်းလဲသွားဘဲနဲ့ ဒီဥပဒေဟာကောင်းမွန်ပါတယ်။ အဲဒီတော့ အနည်းငယ်လေးပြင်လိုက်တာနဲ့ ဒီဥပဒေဟာ ပြီးပြည့်စုံတဲ့၊ ကောင်းမွန်တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒါကြီးကို အသစ်ပြန်လည်ရေးဆွဲ ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အချိန်တွေများစွာထပ်ကုန်သွားဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သတ္တုတွင်းလုပ်ငန်းရှင်များဟာ ဒီဥပဒေပြင်နိုင်ဖို့ ဒီဥပဒေနဲ့ဆက်နွယ်ပြီး တကယ့်တကယ် အရေးကြီး တဲ့အသေးစိတ်ပါတဲ့ နည်းဥပဒေကို ပြင်နိုင်ဖို့ဆိုတာ ကျွန်တော်တို့စောင့်စားခဲ့တာ သုံးနှစ်ကျော်ပါပြီ။ တကယ့်လို့ အခုလိုမပြင်နိုင်ဘဲနဲ့ ဒါကြီးကို အသစ်ပြန်ရေးဆွဲမယ်။ နောက်ထပ်အချိန်တွေကုန်ဦးမယ် ဆိုရင် ကျွန်တော်တို့ သတ္တုတွင်းလုပ်ငန်းရှင်များ ရာပေါင်းများစွာသော သတ္တုတွင်းလုပ်ငန်းရှင်များ၊ ရာပေါင်းများစွာသော သတ္တုနှင့်ပတ်သက်ပြီးတော့ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားများ အားလုံး ဒုက္ခရောက်ကုန်ကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ကျွန်တော်လေးစားစွာပန်ကြားလိုတာကတော့ ဒါကို အသစ်ရေးဆွဲဖို့ဆိုတဲ့ ဆုံးဖြတ်ချက်ကို မလုပ်ဘဲနဲ့ ကျွန်တော်တို့နဲ့ အနည်းငယ်တိုင်ပင်ပြီးတော့ မလိုအပ်တဲ့ဟာတွေ ပြင်ဆင်ချက်တွေ အကုန် ပယ်ဖျက်ပြီးတော့ လိုအပ်တဲ့အချက်ကလေးကိုပဲ ပြင်ဆင်ပြီးတော့ ဒီဥပဒေဟာ ကောင်းမွန်ပြီးသား

ဖြစ်တဲ့အတွက် ဒါလေးကို အမြန်ဆုံးအတည်ပြုပေးပါလို့ ကျွန်တော့်အနေနဲ့ လေးစားစွာ တောင်းပန်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုလိုတင်ပြတဲ့အတွက်လည်း စဉ်းစားတဲ့နေရာမှာ ပြည့်ပြည့်စုံစုံ အားလုံးစဉ်းစားလို့ရတာပေါ့။ ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးတယ်ဆိုတာက အမျိုးသားလွှတ်တော်ဘက်က သတ္တုနှင့်သယံဇာတကော်မတီကတင်သွင်းတဲ့ မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းဖြစ်ပါတယ်။ အဲ့လို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးတဲ့အချိန်မှာပဲ သတ္တုတွင်းဝန်ကြီးဌာနက ဒီဥပဒေကိုပဲပြင်ဆင်ဖို့ဆိုပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုတင်ပြလာပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဒီဥပဒေကို မူလကတော့ ပြည်သူ့လွှတ်တော်ကို ပေးပါတယ်။ ရည်ရွယ်ချက်ကတော့ အမျိုးသားလွှတ်တော်ဘက်ကနေပြီးတော့ တင်ပြလာတဲ့၊ ဆွေးနွေးလို့လာတဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ရောက်တဲ့အခါမှာ ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနကတင်ပြလာတဲ့ ဥပဒေကြမ်းနှင့်ယှဉ်တွဲပြီးတော့ ပြန်လည်ညှိနှိုင်းနိုင်အောင်ဖြစ်ပါတယ်။ သဘောကတော့ ကျွန်တော်တို့ဆီမှာ ကြုံတွေ့ခဲ့ရတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ယှဉ်တွဲပြီးတော့ဆွေးနွေးနိုင်အောင်လို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာကိုကြည့်လိုက်မယ်ဆိုလို့ရှိရင် အမျိုးသားလွှတ်တော်ကလည်း သတ္တုတွင်းဥပဒေကို ပြင်ဆင်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်တင်သွင်းခဲ့တယ်။ တစ်ခါ သတ္တုတွင်းဝန်ကြီးဌာနကလည်း ပြင်ဆင်ဖို့လိုတယ်ဆိုပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုပေးပို့လာတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ဒီဥပဒေကို ခုနက သက်ဆိုင်ရာလွှတ်တော်များမှာညှိနှိုင်းဆွေးနွေးဖို့ ပေးပို့ခဲ့ပါတယ်။ အခု ဒီနေ့ အဲ့ဒီလိုပေးပို့လာတဲ့ဥပဒေကြမ်းနှစ်ခုကို ယှဉ်တွဲပြီးတော့ ပြည်သူ့လွှတ်တော်ကိုရောက်လာပါတယ်။ ရောက်လာပြီးတဲ့အခါမှာ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အရဆိုရင်တော့ ပြင်ဆင်ချက်တွေများတယ်။ ၇၅ ရာခိုင်နှုန်းတော့ကျော်တယ်။ အဲ့ဒီအတွက်ဘာတွေဖြစ်မလဲ။ ပြည်သူတွေမျက်စိလည်မယ်။ မူလဥပဒေရယ်၊ ဒီဥပဒေရယ်ယှဉ်တွဲပြီး မျက်စိလည်မယ်လို့ပြောတာ။ အဲ့ဒီတော့ ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့ ရည်ရွယ်ချက်ကိုကြည့်ရပါမယ်။ အကျိုးသက်ရောက်မှုကို ကြည့်ရပါမယ်။ ခုနက ဥပဒေဆိုတာလည်း ကျွန်တော်တို့ပဲ ပြုလုပ်တာဖြစ်ပါတယ်။ ဥပဒေကဆင့်ပွား နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေဆိုတာလည်း လူတွေကပြုလုပ်တာဖြစ်ပါတယ်။ အရေးကြီးတာက လိုအပ်တဲ့ဥပဒေတစ်ရပ် အမြန်ပေါ်ပေါက်ပြီး ပြည်သူတွေ၊ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းအောင်လုပ်ဖို့လိုပါတယ်။ ခုနက ဦးဝင်းဦးတင်ပြတော့မှပဲ ကျွန်တော်ပြန်ပြီးတော့ Recall လုပ်မိပါတယ်။ ဒါဘာလဲဆိုရင် ကျွန်တော်မှတ်မိပါတယ်။ ဦးတင်မောင်ဦး စတင်

တင်သွင်းတဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်လို့ ကျွန်တော်တို့ အကြိမ်ကြိမ်ဆွေးနွေး ပြင်ဆင်မှုတွေကလည်း တော်တော်ကိုများပါတယ်။ အရေအတွက်တွေတော့ မမှတ်မိပါဘူး။ ဒါကြောင့် မို့လို့ ဒီဟာကို ခုနက ဒီမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်းပါပါတယ်။ အဲ့ဒီတော့ ဝန်ကြီးဌာနအနေနဲ့ ဒီလိုတင်ပြတဲ့ဟာလည်း ဒီဥပဒေကို အမြန်ပြင်ဆင်ပြီးမှသာလျှင် ဝန်ကြီးဌာန အတွက်ကော၊ လုပ်ငန်းရှင်များအတွက်ကော၊ သတ္တုတူးဖော်တဲ့လုပ်ငန်းအငယ်များအတွက်ကော အဆင်ပြေမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဘေးမှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေပေါ်မူတည်ပြီးတော့ အမြန်ဆုံး တင်ပြတာလို့ပဲထင်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးပြီးတော့ ဒီလိုဖြစ်ပေါ်လာချက်ဟာ တကယ် အလုပ်ဖြစ်ပြီဆိုလို့ရှိရင်တော့ အသစ်ပြဋ္ဌာန်းဖို့ဆိုတဲ့ဟာ လိုပါဦးမလား။ ဒါလည်း ကျွန်တော်တို့ ပြန်ပြီး သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တော့ အခု ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်က ၇၅ ရာခိုင်နှုန်းနဲ့ ပြင်ဆင်ချက်တွေများနေတယ်။ ဒါကြောင့်မို့လို့ အသစ်စရေးဆွဲ သင့်ပါတယ်လို့ ဒီလိုသုံးသပ်အကြံပြုထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ဒါနဲ့ ပတ်သက်ပြီးတော့၊ ပြန်လည်သုံးသပ်ပြီးတော့၊ ဒီဟာကိုပဲ ဆက်လက်ဆွေးနွေးပြီးတော့ အလုပ်ဖြစ်မယ်၊ အကျိုးသက်ရောက်မယ်ဆိုရင် ဆက်လက်ပြီးလုပ်ပါဆိုတဲ့ တင်ပြချက်ကလည်း ဆီလျော်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပြန်ပြီးတော့ ဥပဒေကြမ်းကော်မတီရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရယ် ဒီဥပဒေကို စိတ်ဝင်စားပြီးတော့ ဖော်ဆောင်ရမယ့်ပုဂ္ဂိုလ်များအနေနဲ့ ပြန်လည်ဆွေးနွေးပြီးတော့ ဒီဥပဒေကို ဆက်လက်ဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းတယ်။ ဝန်ကြီး ဌာနအတွက်လည်း အကျိုးဖြစ်ထွန်းတယ်။ ဒီနေ့ဖြစ်ပေါ်နေတဲ့ပြဿနာတွေကိုလည်း ငြိမ်းအောင် ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင်တော့ ဥပဒေသစ်ရေးဆွဲဖို့ဆိုတာထက် ဒီဥပဒေကိုပဲ ဆက်လက် ဆောင်ရွက်မယ်ဆိုရင်တော့ ပိုသင့်နိုင်တယ်လို့ယူဆတဲ့အတွက် ဒီအပေါ်မူတည်ပြီးတော့၊ ပြန်လည် ဆွေးနွေးညှိနှိုင်းပြီးတော့ ပြန်တင်ပေးဖို့ပဲပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ခုနက ဒီအထဲမှာတော့ သူက လွှတ်တော်ရဲ့သဘောထားရယူဖို့ပဲ ဖြစ်ပါတယ်။ ဒါကို ဆက်လက်ဆွေးနွေးမလား သို့မဟုတ် မဆွေးနွေးတော့ဘူးလား။ မဆွေးနွေးတော့ဘူးဆိုလို့ရှိရင် ဒီဥပဒေကို ခုနက ဆက်လက် ပြီးတော့ ဥပဒေကြမ်းတစ်ခုရေးဆွဲဖို့ဆိုပြီးတော့ ကျွန်တော်တို့က ပြန်ပြီးတော့ဆုံးဖြတ်ချက်ချတယ် ဆိုရင် ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအဖွဲ့က ဆက်ပြီးတော့၊ စပြီးတော့ ပြန်လုပ်နေရမှာဖြစ်တယ်။ အချိန် ဘယ်လောက်ကြာဦးမလဲဆိုတာလည်း မသိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အပါအဝင် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များကြည့်ရမှာက အရင်ကော ကျွန်တော်တို့ ဘာတွေ

**မူကြမ်း**

လုပ်ခဲ့သလဲ။ လုပ်ခဲ့တဲ့အခါမှာ ခုနက ဦးဝင်းဦးတင်ပြသလို ဒီလိုပဲပြင်ဆင်ချက်တွေက အများကြီးရှိခဲ့တယ်။ အဲ့ဒီတုန်းကတော့ ခွင့်ပြုခဲ့တယ်။ အဆင်လည်းပြေသွားတယ်။ ဒီဟာကျမှ ဒီလိုလာဖြစ်တယ်ဆိုတဲ့ဟာမျိုးဖြစ်လို့ရှိရင်လည်း ဒါမသင့်တော်ဘူး။ ပြန်လည်သုံးသပ်ရမယ့် သဘောရှိပါတယ်။ အဲ့ဒီနည်းတူပဲ အမျိုးသားလွှတ်တော်မှာ ပင်ပန်းကြီးစွာနဲ့ ဒီလိုရေးသားပြီးတော့ တင်ပြလာတဲ့ဥပဒေကြမ်း။ ပြင်ဆင်မှုဥပဒေကြမ်း။ ဒီအတိုင်းပဲ သတ္တုတွင်းဝန်ကြီးဌာနကလည်း အချိန်တွေယူပြီးတော့မှ ရေးဆွဲလာတဲ့ ဥပဒေကြမ်း။ အဲ့ဒါပြီးတဲ့အခါမှာ ဒီမှာလည်း ဆွေးနွေးပြီးပြီ။ ကျွန်တော်ထင်တယ်။ ဒီဟာသည် ၂၀၁၄ မဟုတ်ဘူး။ ၂၀၁၃ ထဲကစပြီးဆွေးနွေးလာတဲ့ဟာတွေက ဒီရောက်လာတဲ့အခါကျတော့မှ ခုနက ၇၅ ရာခိုင်နှုန်းနဲ့ပြင်ဆင်ချက်တွေ ရှိလာလို့ ဒီဟာကိုဆက်လက်မဆွေးနွေးတော့နဲ့ အသစ်ပြဋ္ဌာန်းရေးဆွဲပါဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့လုပ်အားတွေ ဆုံးရှုံးမှာဖြစ်သလို သက်ဆိုင်ရာ အားကြိုးမာန်တက်လုပ်ထားတဲ့ ဝန်ကြီးဌာနရော၊ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်မှုတွေရော ကျွန်တော်တို့က အလေးမထားရာလည်း ရောက်မယ့်သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြချင်တာက အလုပ်ဖြစ်တယ်၊ ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုကောင်းတယ်ဆိုလို့ရှိရင်တော့ ဒီဟာကို ဆက်လက်ဆောင်ရွက်ရင် ပိုများသင့်မလားဆိုတာ ပြန်ဆွေးနွေးကြပါ။ ပြီးရင် ကျွန်တော်တို့ အခုပြောကြပါတယ်။ ဒီထဲမှာပါတယ်။ ပြည်သူတွေ လွယ်လင့်တကူရှာဖွေလေ့လာဖို့အတွက် ခက်တယ်လို့ ပြောပါတယ်။ တကယ်တမ်းကျတော့ ဒီဥပဒေကို ပြည်သူတိုင်းလေ့လာမှာလည်း မဟုတ်ပါဘူး။ တကယ်တာဝန်ရှိတဲ့ လူနဲ့အဖွဲ့အစည်းများကသာလျှင် လေ့လာမှာဖြစ်ပါတယ်။ ဘယ်ဥပဒေပဲဖြစ်ဖြစ် ပြည်သူတွေနားလည်ရမယ်လို့ ကျွန်တော်တို့က ပြောထားသော်လည်း တကယ်တမ်းကျတဲ့အခါကျတော့ သက်ဆိုင်တဲ့သူများစိတ်ဝင်စားပြီး အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကျွန်တော်တို့အားလုံးကြည့်ရမှာက ပြည်သူ့အတွက်ကြည့်ပါ။ နိုင်ငံ့အတွက်ကြည့်ပါ။ ဥပဒေလည်း ကျွန်တော်တို့ပဲ ပြုတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မလိုလားအပ်သော ခုနက ကန့်သတ်မှုတွေ၊ ချုပ်ခြယ်မှုတွေရှိမယ်ဆိုရင် ရှေ့ဆက်လုပ်တဲ့နေရာမှာ အခက်အခဲတွေရှိနိုင်တယ်ဆိုတာကို ပြန်လည်သုံးသပ်ပြီးတော့ တစ်ခါတည်းပဲ ကျွန်တော် ဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရယ်၊ ဒီဥပဒေကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်များရယ်၊ ဝန်ကြီးဌာနရယ် ညှိနှိုင်းပြီးတဲ့အခါမှာ ဒီဥပဒေကိုဆက်လက်ဆွေးနွေးခြင်းအားဖြင့် ပြောမယ်ဆိုရင် ဆက်လက်ဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်နဲ့နိုင်ငံသားအတွက် ဝန်ကြီးဌာနနဲ့ ဒီနေ့ဒီကိစ္စအတွက် လုပ်နေတဲ့လူများ ပြဿနာရှိနေတဲ့ဟာကို ဆောလျှင်စွာဖြေရှင်းပေးနိုင် မယ်ဆိုရင်တော့ ဒါကိုဆက်လက်ပြီးတော့ ဆွေးနွေးဖို့သင့်မယ်

ဆိုရင် ဆက်လက်ဆွေးနွေးဖို့ဆောင်ရွက်ပါလို့ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ် ၆ ကို ဒီနေ့ ဒီမှာရပ်နားပါမယ်။ ဆက်လက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပါ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကိုဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀-၆-၂၀၁၄ (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]